## အများပြည်သူများက ပူးပေါင်းကူညီဆောင်ရွက်ရန်

ပြည်သူများအနေဖြင့် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည် –

- အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားသောပြေစာများကို တောင်းခံခြင်း၊
- ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ပမာဏနှင့်အညီ အခွန်အမှတ်တံဆိပ် အပြည့်အဝ ကပ်နှိပ်ထားခြင်းရှိ/မရှိ စိစစ်ခြင်း၊
- သတင်းပေးတိုင်ကြားခြင်းနှင့် ဆုကြေးငွေထုတ်ယူခြင်း။

## သတင်းပေးတိုင်ကြားနိုင်ခြင်း

ပြည်သူများအနေဖြင့် စားသောက်ဆိုင်တွင် စားသောက်ခြင်း၊ ဟိုတယ်/ တည်းခိုခန်းတွင် တည်းခိုခြင်း၊ ရွှေထည်လက်ဝတ်ရတနာပစ္စည်း ဝယ်ယူခြင်း၊ ရုပ်သံလွှင့်မီဒီယာ ဝန်ဆောင်မှုရယူခြင်း၊ လက်ကိုင်ဖုန်း ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်း/ ဝန်ဆောင်မှုရယူခြင်းများ ဆောင်ရွက်သည့်အခါ ပြေစာမရရှိခြင်း၊ ပြေစာရရှိသော်လည်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားမှုမရှိခြင်း၊ ကျသင့်အခွန် တန်ဖိုးထက် အခွန်အမှတ်တံဆိပ်လျော့နည်းကပ်နှိပ်ထားခြင်းများ တွေ့ရှိရပါက **အထောက်အထားများနှင့်အတူ မည်သည့်အခွန်ရုံးတွင်မဆို သတင်းပေး တိုင်ကြားနိုင်ပါသည်။**

## သတင်းပေးသူကိုဆုချီးမြှင့်ခြင်း

- ပြေစာသို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားပါ တန်ဖိုးငွေပမာဏအပေါ် ထပ်မံပေးဆောင်ရမည့်အခွန်၏ ၁၀၀% ဖြစ်သော ဒဏ်ငွေ၏ ၁၀ % အပြင် အကြိမ်အလိုက် ပျက်ကွက်ခြင်းအတွက် ပျက်ကွက်မှုအပေါ်မူတည်၍ တပ်ရိုက်သည့်ဒဏ်ငွေ၏ ၁၀% ကို ဆုချီးမြှင့်ငွေအဖြစ် ရရှိပါမည်၊
- သတင်းပေးတင်ပြသူ မည်သူဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းပြုမည် မဟုတ်ပါ။

## ကျေးဇူးတင်လွှာ

- နိုင်ငံတော်အစိုးရသည် ကောက်ခံရရှိသည့် အခွန်ငွေများဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးနေပါသည်၊
- လုပ်ငန်းရှင်များအနေဖြင့် ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်၍ ရောင်းချခြင်း/ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းတို့ကို နိုင်ငံကြီးသား ပီသစွာဖြင့် ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်၊
- စားသုံးသူ ပြည်သူများသည် လုပ်ငန်းရှင်များထံမှ ပြေစာတောင်းယူခြင်းဖြင့် ရသင့်ရထိုက်သည့်အခွန်ငွေများ လွတ်ကင်းမှုမရှိစေဘဲ နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာငွေသို့ ရောက်ရှိရေး သေချာစေရန် ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်၊
- နိုင်ငံတော်က ရသင့်ရထိုက်သည့်အခွန်ငွေများကို လွတ်ကင်းမှုမရှိစေရန် ပူးပေါင်းဆောင်ရွက်ပေးကြပါသော **ပြည်သူများနှင့်** ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ ရောင်းချခြင်း/ ဝန်ဆောင်မှုဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်အစိုးရ၏ဘဏ္ဍာငွေသို့ အခွန်ငွေများ ပွင့်လင်းမြင်သာစွာ ရောက်ရှိရေး သေချာစေရန် နိုင်ငံကြီးသားပီသစွာ ဆောင်ရွက်ပေးကြပါသော **လုပ်ငန်းရှင်များအား** အထူးကျေးဇူးတင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**





အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် ပြန်ကြားရေးအဖွဲ့ (နေပြည်တော်) ရုံးအမှတ်(၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၃၃၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်)၊ ဖုန်းနံပါတ် ၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး) ဖုန်းနံပါတ်၀၂-၄၀၃၀၁၉၂သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော ww.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများကို download ရယူနိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## “ ပြေစာများအပေါ်၌ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာသိကောင်းစရာများ”



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၉ အရ
နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့်အခွန်အကောက်များကို
ပေးဆောင်ရန်တာဝန်ရှိသည်။

**Internal Revenue Department**

**Office Building No.(46), Nay Pyi Taw**

http://www.ird.gov.mm

**“Tax by the Law, Service by our Heart”**

## ပြေစာပေါ်တွင်အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်း

စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းရှင်များ၊ ရွှေနှင့် လက်ဝတ်ရတနာ ရောင်းချသည့်လုပ်ငန်းရှင်များ၊ ရုပ်သံလွှင့်မီဒီယာ ဝန်ဆောင်မှုဆောင်ရွက်သည့်လုပ်ငန်းရှင်များ၊ လက်ကိုင်ဖုန်းဆက်စပ်ပစ္စည်းများ ရောင်းချ/ ဝန်ဆောင်မှုဆောင်ရွက်သည့် လုပ်ငန်းရှင်များအနေဖြင့် ပြေစာများ အပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ ရောင်းချခြင်း/ ဝန်ဆောင်မှု ဆောင်ရွက်ပေးခြင်းဖြင့် ရသင့်ရထိုက်သည့်အခွန်ငွေများ လွတ်ကင်းမှုမရှိစေဘဲ နိုင်ငံတော်အစိုးရ၏ဘဏ္ဍာငွေသို့ ပွင့်လင်းမြင်သာစွာ ရောက်ရှိနိုင်ပါသည်။



## ကုန်သွယ်လုပ်ငန်းခွန်

- ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ ရောင်းချခြင်း/ ဝန်ဆောင်မှု ဆောင်ရွက်ခြင်းနည်းလမ်းဖြင့် ကုန်စည်ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှု ရယူသူထံမှ ကောက်ခံသည့်အခွန်မှာ ကုန်သွယ်လုပ်ငန်းခွန် ဖြစ်ပါသည်။
- စားသောက်ဆိုင်လုပ်ငန်း၊ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်း၊ ရုပ်သံလွှင့်မီဒီယာဝန်ဆောင်မှုလုပ်ငန်း၊ လက်ကိုင်ဖုန်း ဆက်စပ်ပစ္စည်းများရောင်းချ/ ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများအပေါ် ၅% ဖြင့်လည်းကောင်း၊ ရွှေထည်လက်ဝတ်ရတနာများ ရောင်းချခြင်းအတွက် ရောင်းရငွေ အပေါ်တွင် ၁ % ဖြင့် လည်းကောင်း ထုတ်ပေးသည့်ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဖြင့် ရောင်းချသူ/ ဝန်ဆောင်မှုဆောင်ရွက်သူက ကျသင့်ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံရမည်ဖြစ်ပါသည်။

## လုပ်ငန်းရှင်၏တာဝန်များ

- လုပ်ငန်းမစတင်မီ **တစ်လ** သို့မဟုတ် မှတ်ပုံတင် သက်တမ်းမကုန်ဆုံးမီ **တစ်လ**ကြိုတင်၍ သက်ဆိုင်ရာအခွန်ရုံးတွင် လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်ကို နှစ်စဉ်လျှောက်ထား ထုတ်ယူရမည်၊
- လိုအပ်မည့် အခွန်အမှတ်တံဆိပ် အမျိုးအစားနှင့် အရေအတွက်ကို ခန့်မှန်း၍ သက်ဆိုင်ရာ အခွန်ရုံးများတွင် မှာကြားထုတ်ယူရမည်၊
- ကုန်သွယ်လုပ်ငန်းခွန်ပမာဏနှင့်ညီမျှသော အခွန်အမှတ်တံဆိပ်များကို ထုတ်ပေးသည့်ပြေစာပေါ်တွင် အပြည့်အဝ ပြည့်စုံကျနစွာ ကပ်နှိပ်ရမည်ဖြစ်ပြီး အခွန်အမှတ်တံဆိပ်များအပေါ်တွင် အသုံးပြုပြီးဖြစ်ကြောင်း ball pen ဖြင့်သာ ကန့်လန့်ဖြတ်ခြစ်၍ အမှတ်အသားပြု ဆောင်ရွက်ရပါမည်၊ ယင်းသို့ဆောင်ရွက်ရာတွင် QR Code ကို ထိခိုက်မှုမရှိအောင် ဆောင်ရွက်ရပါမည်၊
- ကောက်ခံရရှိပြီးသည့် ကုန်သွယ်လုပ်ငန်းခွန်များကို လစဉ် လကုန်ဆုံးပြီး (၁၀)ရက်အတွင်း ပေးသွင်းရပါမည်၊
- သုံးလပတ်ကြေညာလွှာကို သက်ဆိုင်ရာသုံးလပတ်ကုန်ဆုံးပြီး **တစ်လ** အတွင်း၊ နှစ်ချုပ်ကြေညာလွှာကို သက်ဆိုင်ရာနှစ်ကုန်ဆုံးပြီး **သုံးလ**အတွင်း တင်သွင်းရပါမည်။

## အခွန်အမှတ်တံဆိပ်သတ်မှတ်ချက်

ပြေစာများတွင် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ပမာဏအလိုက် စွဲကပ်ရမည့် အခွန်အမှတ်တံဆိပ် အမျိုးအစားများသည် QR Code ပါရှိသော အခွန်အမှတ်တံဆိပ်များဖြစ်ပြီး အောက်ပါအတိုင်း အမျိုးအစား (၇) မျိုး သတ်မှတ်ထားပါသည်–

- 50 Kyats
- 100 Kyats
- 200 Kyats
- 500 Kyats
- 1000 Kyats
- 5000 Kyats
- 10000 Kyats




## အခွန်အမှတ်တံဆိပ်ထုတ်ယူခြင်း

- ပထမဆုံးအကြိမ်ထုတ်ယူခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် ကြိုတင်ပေးသွင်းရန် မလိုအပ်ပါ၊
- ဒုတိယအကြိမ်မှစ၍ အခွန်အမှတ်တံဆိပ်များ လာရောက်ထုတ်ယူသည့်အခါ ရှေ့အကြိမ်ကထုတ်ယူခဲ့သည့် အခွန်အမှတ်တံဆိပ်များအနက် အသုံးပြုပြီး အမှတ်တံဆိပ်များအတွက် ကုန်သွယ်လုပ်ငန်းခွန်ကို သက်ဆိုင်ရာအခွန်ရုံးသို့ ပေးသွင်းပြီးဖြစ်ကြောင်း အထောက်အထား (ငွေသွင်းချလန်) ပြည့်စုံစွာ တင်ပြနိုင်မှသာ အခွန်အမှတ်တံဆိပ် ထပ်မံထုတ်ပေးသွားပါမည်၊

## အခွန်အမှတ်တံဆိပ် စွဲကပ်ရမည့်နေရာ

ပြေစာများအပေါ် ရှင်းလင်းမြင်သာသောနေရာ၌ အခွန်အမှတ်တံဆိပ်များကို စွဲမြဲစွာ ကပ်နှိပ်ရမည်ဖြစ်ပြီး တန်ဖိုးနည်းအမှတ်တံဆိပ်အရေအတွက် များပြားစွာကပ်နှိပ်ခြင်း၊ QR Code ဖတ်၍ မရစေရန် အခွန်အမှတ်တံဆိပ်များ တစ်ခုနှင့်တစ်ခု ထပ်၍ စုပြုံကပ်နှိပ်ခြင်း၊ အခွန်အမှတ်တံဆိပ်များအပေါ်တွင် ဆိုင်အမှတ်အသားတံဆိပ်ကို ထပ်၍ပုံနှိပ်ခြင်း၊ မှင်လုံးကြီးသည့် marker pen/ colour pen များဖြင့် ပယ်ဖျက်ခြင်းများမပြုလုပ်ရပါ။

## ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များ

- လုပ်ငန်းရှင်များအနေဖြင့် အောက်ပါပျက်ကွက်မှုများအပေါ် ဒဏ်ကြေးငွေတပ်ရိုက်ခြင်းခံရမည် ဖြစ်ပါသည် –
  - (က) ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း၊
  - (ခ) ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထား ထုတ်ပေးသော်လည်း ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ပမာဏနှင့်ညီမျှသော အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်း။
- ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးငွေပမာဏအပေါ် ထပ်မံပေးဆောင်ရမည့် အခွန်၏ ၁၀၀ ရာခိုင်နှုန်းကိုဒဏ်ကြေးငွေအဖြစ်ပေးဆောင်ရမည့်အပြင်ပျက်ကွက်မှုအကြိမ်အလိုက်အောက်ပါငွေပမာဏကိုလည်းဒဏ်ကြေးငွေအဖြစ်ပေးဆောင်ရပါမည်–

| | |
|---|---|
| ▪ ပထမအကြိမ် | ကျပ် ၅ သိန်း |
| ▪ ဒုတိယအကြိမ် | ကျပ် ၁၀ သိန်း |
| ▪ တတိယအကြိမ် | ကျပ် ၁၅ သိန်း |
| ▪ တတိယအကြိမ်၏အထက် တစ်ကြိမ်လျှင် | ကျပ် ၂၀ သိန်း |